


စာစဉ် -၁

သာသူဟိန်း

# အံ့မခန်းပါရမီရှင် ဖုန်းယွိ

# အခန်း ၁

## ၁၉၈၈ ခုနှစ်တွင် ပြန်လည်မွေးဖွားခြင်း

"ရှောင်ယွီ၊ ရှောင်ယွီ၊ ထတော့ မနက် ဆယ့်နှစ်နာရီ ထိုးတော့မယ် ထတော့ ဖက်ထုပ်စားရအောင်"

ဖုန်းယွီသည် ထိုအသံကို မရင်းနှီးသလို ခံစားလိုက်ရသည်။ သို့သော် ထိုအသံက အလွန်ကြင်နာသည့် ခံစားချက်မျိုးကို ပေးစွမ်း၏။ သူမျက်လုံး ဖွင့်လိုက်ရင်း ရေရွတ်လိုက်သည်။ ဖုန်းယွီသည် အတိတ်က မှတ်ဉာဏ်တွင် ရှိသည့် နုပျိုသည့် မျက်နှာကို မြင်လိုက်သည်။

"အစ်မ"

"မင်း နိုးလာပြီပဲ မြန်မြန်ထပြီး မျက်နှာသစ်တော့ ငါ မင်းကို အများကြီး မသောက်နဲ့လို့ ပြောသားပဲ။ မင်းက တားလို့ မရဘူး မင်း နွေဦးညချမ်းပွဲတော်ကို လွတ်သွားပြီ"

ဖုန်းတန့်ယင်းက ပြုံးကာ ပြောလိုက်၏။

'နွေဦးညချမ်းပွဲတော်လား။ ဒီနေ့က တရုတ်နှစ်သစ်ကူးလား။ '

ဖုန်းယွီက အနည်းငယ် တွေဝေသွားကာ ပတ်ဝန်းကျင်ကို ကြည့်လိုက်သည်။ ခြောက်စတုရန်း မီတာခန့် ကျယ်သည့် အိုးဟောင်းနေသော အခန်းထဲတွင် တစ်ယောက်အိပ် ခုတင်၊ အဖာဗလဗွနဲ့ အိပ်ရာ၊ အိုဟောင်းသည့်

သစ်သားစားပွဲ၊ နှစ်ဆယ်ဝပ်အား ရှိသည့် မီးလုံးက အခန်းကို မှိန်ဖျဖျ အလင်းရောင် ပေးနေ၏။ သူ မမှတ်မိတော့သည့် အမျိုးသားရေး ပွဲတော်များ ရေးသားထားသည့် သတင်းစာဟောင်းများက နံရံကို ကပ်ထားသည်။

'ဒါ ငါ့ရဲ့ ငယ်ဘဝတုန်း အိုဟောင်းတဲ့ ခြံမြေကအိမ်မှာ နေခဲ့တဲ့ အချိန်တွေ မဟုတ်ဘူးလား။ ဒါပေမဲ့ အိမ်က မြို့ပြဖွံ့ဖြိုးရေး စီမံချက်ကြောင့် ဖြိုခဲ့တာ ကြာပြီလေ။ ပြီးတော့ ဘာကြောင့် အစ်မက ဒီလောက် ငယ်နေရတာလဲ။ '

ဖုန်းယွီက သူ၏ လက်ကို မြှောက်လိုက်၏။ သူ့ရဲ့ လက်များက သေးသွယ်နေပြီး သူ၏ လက်မောင်းများကလည်း ပါးလျနေသည့်အတွက် သူကြုံတွေ့နေသည့် အရာက သေချာပေါက် ဟာသမဟုတ်ပေ။

သူက ခုတင်ပေါ်မှ မြန်မြန် ခုန်ဆင်းလိုက်ပြီး တံခါးပေါက်ဘောင် ရှေ့တွင် ရပ်လိုက်၏။ တံခါးပေါက် ဘောင်တွင် ဓားမှတ်ရာများ ရှိနေပြီး ထိုမှတ်ရာများက သူ့ရဲ့အရပ်ကို တရုတ်နှစ်သစ်ကူးတွင် နှစ်စဉ်နှစ်တိုင်း မှတ်တမ်းတင်ထားသည့် မှတ်ရာများ ဖြစ်၏။ ထိပ်ဆုံး အမှတ်က ညွှန်ပြသည်ကား ၁၉၈၈ခုနှစ် ဖြစ်ပြီး ၁၆၆ စင်တီမီတာ ဖြစ်သည်။

'၁၉၈၈ခုနှစ်လား။ ငါက အလယ်တန်းအဆင့်အောင်တဲ့ ကျောင်းသား တစ်ယောက်ပဲလား။ '

ဖုန်းယွီက သူ့ကိုယ်သူ ဆွဲဆိတ်လိုက်သည်။ နာကျင်မှုကြောင့် ငိုချင်သည် အထိ ဖြစ်သွား၏။

'ဒါက အိပ်မက် မဟုတ်ဘူးလား။ '

ဖုန်းယွီက တံခါး ဖွင့်လိုက်စဉ် သူ့အမေသည် ဒယ်အိုးနှင့် ဖက်ထုပ်ချက်ပြုတ်နေသည်ကို တွေ့လိုက်ရသည်။ သူက အိမ်ငယ်လေးတွင် နေခဲ့တာ ဖြစ်သည်။ မီးဖိုချောင်သည် သူ့အခန်း အပြင်ဖက်တွင် ဖြစ်ကာ မီးဖိုး

ချောင်၏ အခြားဖက်က ဧည့်ခန်းဖြစ်သည်။ ဧည့်ခန်းကို လယ်တောတွင် အဓိက ခန်းမ ဟုလည်း ခေါ်ကြ၏။

"သားနိုးလာပြီလား။ နင် နောက်ကျရင် ထပ်သောက်ရဲ သေးလား"

ကျန်းမှုဟွက သူ့သားကို တယုတယဖြင့် မေးလိုက်သည်။

ဖုန်းယွီက ဆံပင်နက် ရှိနေဆဲ ဖြစ်သည့် သူ့အမေအား မျက်ရည်ဝိုင်းဝိုင်းဖြင့် ကြည့်နေ၏။

"အမေ။ အမေအလုပ်တွေ ကြိုးစားနေတာပဲ"

"သား ဘာအကြောင်းတွေ ပြောနေတာလဲ။ မြန်မြန် မျက်နှာသစ်ပြီး တီဗွီကြည့်ရအောင်။ ဖက်ထုပ်က ခဏနေရင် ရတော့မှာ။ "

ကျန်းမှုဟွသည် ဖုန်းယွီပြောစကားကို ကြားသည့်အခါ အလွန်ဝမ်းမြောက်သွားသည်။ ထိုအပြုအမူက သူ့သားသည် အရွယ်ရောက်လာပြီဟု ဆိုလိုချင်း ဖြစ်သည်။

ဖုန်းယွီသည် ဧည့်ခန်းထဲရှိ ခုံတန်းတွင် ထိုင်နေသည့် သူ့အဖေကို မြင်လိုက်သည့်အခါ သူ့နှုတ်ခမ်းသားများ တုန်ယင်သွားတော့သည်။ အနာဂတ်တွင် ဖုန်းယွီ ငွေများများ ရှာနိုင်သည့် အချိန်၌ သူ့အဖေသည် နောက်ဆုံးအဆင့် ဦးနှောက်ကင်ဆာ စမ်းသပ်မိပြီး သုံးလအကြာတွင် ကွယ်လွန်သွားခဲ့သည်။

သူ့အဖေ ကွယ်လွန်သွားသည်ကို ဖုန်းယွီ နှစ်များစွာ စိတ်မကောင်း ဖြစ်ခဲ့ရသည်။

"အဖေ..."

ဖုန်းရှင်းထိုက်က သူ့သားကို ကြည့်ကာ

"အို မင်းတောင် နိုးလာပြီပဲ။ ရီဝေဝေ ဖြစ်နေတုန်းလား။ လာ တီဗွီကြည့်

ရအောင်။ အခု ကျေးလက်ရိုးရာ အကလာနေတယ်"

"ရီဝေဝေ မဖြစ်တော့ပါဘူး အဖေ။ အမူးက ပျောက်သွားပြီ။ အဖေ... ကျွန်တော် နောက်ကျရင် အဖေနဲ့ အများကြီး... သောက်ချင်တယ်"

သူ့အဖေ၏ ဒေါသထွက်မှုကို ကြည့်ရင်း ဖုန်းယွီက မြန်မြန် ဖြေရှင်းချက်ပေးလိုက်သည်။

"ဘီယာ သောက်ကြမယ် ပြောတာ"

သူ့ဘဝ တစ်လျှောက်တွင် ဖုန်းယွီသည် သူ့အဖေနှင့် အကြိမ် အနည်းငယ်သာ အရက် သောက်ဖူးသည်။ ယခုအချိန်တွင် ဖုန်းယွီ၏ အဖြစ်စေချင်ဆုံးဆန္ဒ ဖြစ်သည့် သူ့အဖေနှင့် အရက်ကို အကြိမ်များစွာ သောက်ခွင့် ရတော့မည်လော။

"မင်း ဒီလောက် သောက်တာကို သောက်မှတ် မရှိသေးဘူး။ ကောင်းပြီအဲ့တာဆိုတော့ ထပ်သောက်ကြတာပေါ့။ မင်း နှစ်သစ်ကူးနေ့ မနက်ခင်းမှာ နိုးနိုင်မလားဆိုတာ ကြည့်ကြ သေးတာပေါ့။ တန့်ယင်း ဘီယာ နှစ်ပုလင်း သွားယူ"

ဖုန်းတန့်ယင်းက သူမ၏ ခေါင်းကို အကူအညီမဲ့စွာ ခါလိုက်သည်။ ထို့နောက် သူသည် ဘီယာနှင့် ခွက်ကို သွားယူတော့သည်။

ဧည့်ခန်းတွင်လည်း အိပ်ရာခင်း ခင်းထားသည့် တစ်ယောက်အိပ် ခုတင်ရှိသည်။ ဖုန်းတန့်ယင်းက ညအိပ်ကျောင်းတွင် တက်ကတည်းက အားလပ်ရက်များတွင်သာ အိမ်ပြန်လာသည်။ သူမ ပြန်လာသည့်အခါ ဖုန်းတန့်ယင်းက သူ့အမေနှင့် အိပ်သည်။ ထိုအခါ ထိုအိပ်ရာက ဖုန်းရှင်းထိုက်အတွက် ဖြစ်လာတော့၏။ သို့ပေမဲ့ လွန်ခဲ့သည့် သုံးနှစ်က ထိုအိပ်ရာက ဖုန်းယွီ၏ အိပ်ရာ ဖြစ်သည်။

ဧည့်ခန်း၏ မြောက်ဖက်တွင် တံခါး သုံးခုပါသည့် အဝတ်ဗီရိုရှိပြီး ၎င်းအပေါ်တွင် ခရီးဆောင်အိတ် နှစ်လုံး တင်ထားသည်။ ခိုင်ခံ့သည့် သစ်သားစားပွဲပေါ်တွင် အဖြူအမဲ တစ်ဆယ့်လေးလက်မ တီဗွီတစ်လုံး တင်ထားသည်။ ထိုတီဗွီက နှစ်သစ်ကူးည ဖျော်ဖြေပွဲကို ပြနေ၏။

ဧည့်ခန်း၏ အလယ်တွင် ခေါက်စားပွဲဝိုင်း တစ်လုံး ရှိပြီး ထိုစားပွဲတွင် စားပွဲခင်း ခင်းထားပြီး ဟင်းပွဲများနှင့် ပြည့်နေသည်။ စုစုပေါင်း ဟင်းပွဲ ရှစ်ပွဲ ဖြစ်သည်။ သို့သော် ထိုဟင်းပွဲများက ညစာ အကျန်ဖြစ်သည်။ ကြက်သား၊ ငါး၊ ဝက်သား၊ မြင်းသား အစရှိသဖြင့် အသားဟင်းပွဲ ငါးပွဲရှိ၏။

ဖုန်းယွီက တီဗွီကို မကြည့်ပေ။ သို့သော် သူက ဗီရိုရှိ မှန်ထဲရှိ သူ့ပုံရိပ်ကို ကြည့်နေသည်။ အလင်းရောင်က မှိန်သော်လည်း ဖုန်းယွီ၏ သူကိုယ်သူ ကောင်းကောင်း မြင်ရသည်။ သူသည် ယခုအချိန်တွင် ဆယ်ကျော်သက်လူငယ်လေး ဖြစ်ပြီး သူ့နှုတ်ခမ်းတွင် နှုတ်ခမ်းမွေး ရေးရေး ပေါ်နေ၏။

သူက နံရံကပ် ပြက္ခဒိန်ကို ကြည့်လိုက်ရာ ဖေဖော်ဝါရီလ တစ်ဆယ့်ခြောက်ရက် ၁၉၈၈ခုနှစ်၊ နှစ်သစ်ကူးပွဲတော်ဟု ရေးထားသည်ကို တွေ့လိုက်သည်။

ဖုန်းယွီသည် ပြန်လည် မွေးဖွားလာသည်ဟု သူကိုယ်တိုင် အတပ်ပြောနိုင်လာ၏။

အမေက ဖက်ထုပ် မြန်မြန် ချက်ပြုတ်ပေးပြီး ဖုန်းယွီနှင့် ဖုန်းတန့်ယင်းက မီးဖိုချောင်ကို ဖက်ထုပ်ပွဲကို ယူရန် လာခဲ့ကြသည်။ လူတိုင်းက ထိုင်လိုက်ကြပြီး ဖုန်းရှင်းထိုက်က တူတစ်စုံကို ကောက်ယူလိုက်သည်။

"ရှောင်ယွီ မင်းထပ်သောက်ဦးမလို့လား။ "

ကျန်းမူဟွက ဖုန်းယွီကို စိုက်ကြည့်လိုက်၏။

"အမေ။ ဒီနေ့က နှစ်သစ်ကူးနေ့လေ။ နည်းနည်းလောက် ထပ်သောက်ခွင့် ပေးပါဦး"

ဖုန်းရှင်းထိုက်က သူ့သားအတွက် အနည်းငယ် ကူပြောပေးသည်။ ကျန်းမူဟွက ခေါင်းခါလိုက်သည်။ ဖုန်းယွီက သူ့အမေနှင့် သူ့အစ်မအတွက်လည်း ခွက်ထဲကို ဖြည်းဖြည်းချင်း ငဲ့ပေးလိုက်သည်။ တစ်မိသားစုလုံး အတူတူ တစ်ခွက်တော့ သောက်ရပေမည်။

"အဖေ။ အမေ။ အစ်မ။ ပျော်ရွှင်စရာနှစ်သစ်ကူးပါ။ ချီးယား"

ဖုန်းယွီက စားပွဲပေါ်တွင် ကျန်သည့် အစားအသောက်များကို ကောက်ကိုင် စားလိုက်သည်။ ထိုအရာများက အရသာ ကောင်းလွန်းသည်ဟု ခံစားလိုက်ရသည်။ ယခုအချိန်တွင် အနာဂတ်က ကဲ့သို့ ဟော်မုန်းများက မဖွံ့ဖြိုးသေးပေ။ ငါးများနှင့် ယုန်များကို တောထဲမှ ဖမ်းခဲ့ပြီး၊ ကြက်များနှင့် ဝက်များကို သူတို့ကိုယ်တိုင် မွေးမြူထားတာ ဖြစ်သည်။ အဖေနှင့် သားက ထိုဟင်းပွဲများနှင့် ဖက်ထုပ်ကို စားနေကြသည်။ ဖုန်းရှင်းထိုက်က တစ်ယောက်စီအတွက် ဘီယာ တစ်ခွက်စီသာ ခွင့်ပြုထားသည်။

ညစာစားပြီးနောက် ဖုန်းယွီက ကိုယ်လက်သန့်စင်ပြီး သူ့အခန်းကို ပြန်သွားပြီး လှဲချ လိုက်တော့၏။ သူအိပ်ရာပေါ်တွင် လှဲနေရင်း ဘေးဘယ်ညာ လိမ့်နေ၏။ သူက ၁၉၈၈ခုနှစ် အချိန်သို့ ပြန်မပို့ဆောင်ရခင် သူ၏ အရင်ဘဝအကြောင်း တွေးတောနေ၏။

ဖုန်းယွီသည် အသက်လေးဆယ် အရွယ်ရှိ အသက်လတ်ပိုင်း အမျိုးသားတစ်ယောက်ဖြစ်ခဲ့သည်။ လုံခြုံရေး ကုမ္ပဏီမှ နုတ်ထွက်ပြီးနောက် သူက ရင်းနှီးမြှုပ်နှံမှုအချို့နှင့် စတော့များ၊ ကြိုရောင်းကြိုဝယ် အစုရှယ်ယာများ၊ ရွှေများ၊ ရေနံများတွင် ရင်းနှီးမြှုပ်နှံမှု လုပ်ခဲ့သည်။ သို့သော် သူက

အောင်မြင်မှု သိပ်မရခဲ့ပေ။ သို့သော် သူ့၏ ဝင်ငွေက မဆိုးသေးပေ။

သူ့တွင် မိန်းမတစ်ယောက် ရှိပြီး ကလေးမရှိ။ သူ့အဖေ ဆုံးပြီး ကတည်းက သူ့အမေက သူ့နှင့်အတူ နေထိုင်၏။

သူမှတ်မိသည်ကား ထိုအချိန်က ၂၀၁၅ခုနှစ် နွေဦးရာသီ ဖြစ်သည်။ သူ့ မိန်းမကို နိုင်ငံခြားတွင် သားမြို့ခြင်းကို ကုသရန်အတွက် ဖုန်းယွှီသည် ပိုက်ဆံ အသည်းအသန် ရှာရန် လိုအပ်ခဲ့သည်။

သူသည် သူ့၏ စုငွေများ၊ အိမ်နှင့်ကားကို ပေါင်ကာ အတန်ကြီးသော ပိုက်ဆံပမာဏကို ချေးယူပြီး စတော့စျေးကွက်တွင် ရင်းနှီး မြှုပ်နှံလိုက် တော့သည်။ သူ့ရဲ့ ပိုင်းခြားစိတ်ဖြာချက်အရ ဘူးစျေးကွက်*တွင် နားမလည် သောသူများထံမှ ပိုက်ဆံကို အလွယ်တကူ ရယူနိုင်၏။

*ဘူးစျေးကွက်သည်အစုရှယ်ရာများကို အမြတ်နှင့် လက်လွှဲရောင်းချရန် နေရာကို ဆိုလိုသည်။

အစပိုင်းတွင် စျေးကွက်က အထူးကောင်းမွန်ခဲ့သည်။ သူ့၏ ရင်းနှီးမြှုပ်နှံ မှုကလည်း တစ်ခဏအတွင်း နှစ်ဆတန်ဖိုးအထိ မြင့်တက်သွားသည်။ သို့သော် သူက ထိုထက် အမြတ်များများ လိုချင်ခဲ့သည်။ ထို့ကြောင့် သူ သည် ရင်းနှီးမြှုပ်နှံမှု ကုမ္ပဏီ တစ်ခုနှင့် များပြားသည့် ချေးငွေများကို ရယူ ကာ အသုံးပြုခဲ့၏။ အကယ်၍ သူ့၏ ရင်းနှီးမြှုပ်နှံမှုက ထပ်ပြီး တန်ဖိုး တက်ခဲ့လျှင် သူ၏ ကျန်ရှိသည့် ဘဝတစ်ခုလုံ ဘာမှလုပ်စရာ မလိုဘဲ သက် တောင့်သက်သာဖြင့် နေနိုင်မှာ ဖြစ်သည်။

စတော့အညွှန်းကိန်းက ၅,၀၀၀ပွိုင့်အထိ တက်သွားသည့်အခါ သူသည် အခြားသူများအတိုင်း လောဘကြီး လာတော့သည်။ သူက စတော့ စျေးကွက်သည် ထပ်ပြီး မြင့်တက်လာမည်ဟု ထင်ခဲ့သည်။ စတော့ စျေးကွက်က အနည်းငယ် တက်လာခဲ့သည်။ သို့သော် မကြာခင်အတွင်း စ

တော့စျေးက ထိုးဆင်းခဲ့သည်။ သူသည် များပြားသည့် ချေးငွေပမာကို ရယူခဲ့ပြီး အပိုငွေ မရှိသည့် အတွက်ကြောင့် ခွက်ခွက်လန်အောင် ရှုံးသွားခဲ့သည်။ ချေးငွေကို ပြန်ပေးပြီးနောက် သူသည် ကုန်းကောက်စရာ မရှိအောင် မွဲသွားတော့သည်။ သူ့မိန်းမက ကားနှင့်အိမ်ကို ပေါင်နှံထားမှန်း မသိသေးပေ။ ဖုန်းယွီက အိမ်ကိုပြန်သည့်အခါ သူ့မိသားစုနှင့် ဘယ်လိုရင်ဆိုင်ရမလဲ ဆိုသည်ကို မသိတော့ပေ။

သူသည် ချွတ်ချုံကျတဲ့သူ တစ်ယောက် ဖြစ်သွားတော့သည်။ ထိုနေ့များတွင် သူသည် အရက်ကိုသာ သောက်ခဲ့ကာ လမ်းမပေါ်သို့ လူအများရှေ့တွင် ကုန်တင်ကားတစ်စီး တိုက်တာ ခံလိုက်ရပြီး မတော်တဆ ဖြစ်ခဲ့သည်။

ထိုနည်းလမ်းက သူ့ကိုယ်သူ သက်သေသည်ဟု စဉ်းစားလို့ မရပေ။ ယင်းမတော်တဆမှုက အာမခံ ပေါ်လစီအရ သူ၏ ကျန်ရစ်သည့် မိသားစုကို သန်းပေါင်းများစွာ ထုတ်ပေးရမှာ ဖြစ်သည်။ ထိုငွေပမာဏသည် သူ့အိမ်နှင့် ကားကို ပြန်ရွေးနိုင်ပြီး သူ့အမေနှင့် သူ့မိန်းမအတွက် ငွေပမာဏအများအပြားကိုတောင် ထားရစ်နိုင်သည်။

ကြီးမားသည့် ကုန်တင်ကားတစ်စီးက သူ့ဆီကို အရှိန်ပြင်းပြင်းဖြင့် ရောက်လာသည်ကို သူအမှတ်ရသွားသည်။ သူ့အတွေးထဲတွင်

‘အကယ်လို့ မိုးနတ်မင်းက ငါ့ကို အခွင့်ရေး တစ်ခု ပေးခဲ့ရင် ငါက သေချင်ခဲ့မှာ မဟုတ်ဘူး။ ငါက ငါ့ရဲ့ မိသားစုကို သက်တောင့်သက်သာရှိတဲ့ ဘဝကို ပေးချင်ခဲ့ရုံပဲ’

သို့သော် ဖုန်းယွီကို မမျှော်လင့်ထားပဲ မိုးနတ်မင်းက သူ့အား အခွင့်ရေး တစ်ခုကို ပြန်ပေးခဲ့သည်။

မိုးနတ်မင်းက သူ့၏ ငယ်ဘဝကို ပြန်ပို့ကတည်းက သူသည် သူ၏ အရင်ဘဝတွင် အသက်ရှင်တော့မှာ မဟုတ် သူက ထိုအရင်ဘဝက အချိန်တွေကို လျစ်လျူရှုလိုက်တော့၏။ သူက ပိုပြီး ချမ်းသာချင်သည်။ သူသည် ရင်းနှီးမြှပ်နှံမှု လောကတွင် အကျော်ဇေယျ ဖြစ်ချင်ခဲ့သည်။

ထိုအကြောင်းကို စဉ်းစားရင်း ဖုန်းယွီသည် ဘယ်လိုမှ မထိန်းနိုင်တော့ဘဲ အော်ချလိုက်တော့သည်။

"ငါ ဖုန်းယွီ ပြန်လာပြီ"

"ရှောင်ယွီ။ အော်တာကို တော်ပြီး မြန်မြန်အိပ်တော့။ "

ကျန်းမူဟွက နံရံ၏ အပြင်တခြားဖက်မှ အော်လိုက်သည်။ တစ်ချိန်တည်းတွင် သူမက သူ့ခင်ပွန်းကို အပြစ်တင်လိုက်သည်။

'ဘာကြောင့် ညမှာ သူ့ကို ထပ်သောက်ခိုင်းရတာလဲ"

သူ့အမေ၏ အပြစ်တင်သံကို ကြားပြီးနောက် ဖုန်းယွီက ပြုံးလိုက်ပြီး တစ်ဖက်ကို လှည့်ပြီး အိပ်လိုက်တော့၏။

***

# အခန်း ၂

အဖြစ်ဆိုးအား နောက်တစ်ကြိမ် ဖြစ်ခွင့်ပေးမည်မဟုတ်

ဖုန်းယွီက နောက်တစ်နေ့ မနက်တွင် နိုးလာပြီးနောက် သူ့ခေါင်းအုံးအောက်တွင် (၁၀)ယွမ်ကို နှစ်သစ်ကူး မုန့်ဖိုးအဖြစ် ထားထားသည်။ ထိုခေတ်အခါက ရေခဲချောင်းသည် (၂)ဖန်တာ ရှိပြီး ရေခဲမုန့်သည် (၃)ဖန်တာ ရှိသည်။ တစ်ဆယ်ယွမ်ဟူသော ပမာဏက များပြားသည့် ပမာဏ ဖြစ်သည်။

~တရုတ်ငွေကြေး ရမ်မီဘီးတွင် ယွမ်၊ ကျောက်၊ ဖန်သုံးမျိုး ရှိသည်။ ၁ယွမ်တွင် ၁၀ကျောက်နှင့် ၁၀၀ဖန် ရှိသည်~

ဖုန်းယွီက သူ့မိဘနှစ်ပါးကို နှစ်သစ်ဆုတောင်း ချွေပြီးနောက် ဖက်ထုပ်အနည်းငယ် စားလိုက်၏။ ထို့နောက် သူသည် ဝမ်တုန်းကျွမ်းကို ခေါ်ရန်အတွက် သူ့အိမ်ကို နှစ်သစ်ကူး အလည်သွားလိုက်၏။

ဝမ်တုန်းကျွမ်းက အမွှေးတိုင်နှင့် ရေ့မှ ရွှင်လန်းစွာ လျှောက်လာသည်။ အချိန်တိုင်းတွင် သူက ဖြောက်အိုးကို မီးရှို့ပြီး ပတ်ဝန်းကျင်ကို ပစ်နေသည်။ ဖုန်းယွီက ထိုကဲ့သို့ အပြုအမူကို သိပ်စိတ်ဝင်မစားပေ။ သူက ထိုအပြုအမူသည် ကလေးဆန်လွန်းသည်ဟု ခံစားမိ၏။

"တုန်းကျွမ်း ငါတို့ လမ်းလျှောက်တာ ရွာလမ်းတစ်ဝက်ကိုတောင် ရောက်နေပြီ။ ကျန်တဲ့ ခရီးကလည်း အတူတူပဲ။ ငါတို့တွေ ပြန်ပြီးတော့ အစ်ကို

လျှန်နဲ့ ပေါ်ကာ ကစားရအောင်"

ရှာကငယ်ပြီး အိမ်ခြေ တစ်ရာဝန်းကျင်ထက် နည်းသော်လည်း ဖုန်းယွီက ခပ်ထူထူ အမွေးပွ ချည်ထည် ဂျာကင်နှင့် ဘောင်းဘီရှည်ကို ဝတ်ဆင်သော်လည်း အေးမြသည့် ရာသီဥတုထဲတွင် ခပ်ကြာကြာ မလျှောက်နိုင်ပေ။ သူက အရင်ဘဝမှ အပူအတွင်းခံနှင့် ဂျာကင်ရှည်ကို သတိရသွား၏။

"ကောင်းပြီလေ။ အစ်ကိုလျှန်ဆီ သွားကြရအောင်"

"တုန်းကျွမ်း၊ ရှောင်ယွီ မင်းတို့နှစ်ယောက် ဘယ်ကိုသွားမလို့လဲ။ "

တစ်ဆယ့်ခုနှစ်နှစ်အရွယ် ကောင်လေး တစ်ယောက်က သူတို့ဆီ လာပြီး နှုတ်ဆက်လိုက်သည်။ ဖုန်းယွီ၏ မျက်လုံးများ ကျဉ်းမြောင်းသွားသည်။ သူသည် ရှာကျော်လုပ်သည့် ကိစ္စများကို တမင်ရှောင်သွားသည်။ သို့သော် ရှာက အလွန်သေးလွန်း၏။

"အစ်ကိုချွမ်း ကျွန်တော်တို့ အစ်ကိုလျှန့်ဆီ ပေါ်ကာ သွားကစားမလို့ အစ်ကိုကော လိုက်ဦးမလား"

"ပေါ်ကာက အချိန်တိုင်း ကစားလို့ရတယ်။ ဒီနေ့လည်ခင်းမှာ ငါက တောလိုက်ထွက်မလို့ မင်းလိုက်ချင်လား။ "

လျိုကျီချွမ်က ဖိတ်ခေါ်လိုက်သည်။

တောလိုက်ထွက်မယ်ဟူသည့် စကားလုံးအား ကြားပြီးနောက် ဝမ်တုန်းကျွမ်း၏ မျက်လုံးများက တောက်ပ သွားတော့သည်။ အမြဲလိုလိုပင် သူ့အဖေက သူ့ကို ပြောင်းချောသေနပ်ကို ထိခွင့်ကို မပေးပေ။ သို့သော် ယခုက တရုတ်နှစ်သစ်ကူး ပွဲတော် ဖြစ်သည့်အတွက် သူ့အဖေက အပြင်ကို သွားနေသည်။ ဝမ်တုန်းကျွမ်းက ထိုသေနပ်အား မသိအောင် ယူနိုင်၏။

"ကောင်းပြီ။ ငါလိုက်မယ်"

"မလိုက်ဘူး"

ဝမ်တုန်းကျွမ်းနှင့် ဖုန်းယွီနှစ်ယောက်လုံး တစ်ချိန်တည်းတွင် အော်လိုက်ကြသည်။ ဖုန်းယွီသည် ဝမ်တုန်းကျွမ်းကို တောလိုက်ထွက်ရန် လုံးဝ လုံးဝ သဘောတူမည် မဟုတ်ပေ။ တောလိုက်စဉ်အတွင်း မတော်တဆမှု တစ်ခု ဖြစ်လိမ့်မည်။ ဝမ်တုန်းကျွမ်းသည် ခြေတစ်ဖက် ဖြတ်လိုက်ရသည့်အတွက် တစ်ဘဝလုံး နောင်တရနေ၏။ အရင်ဘဝတွင် ထိုတောလိုက်ခြင်းမှ တွေ့ခဲ့သည့် မတော်တဆကြောင့် ဖုန်းယွီနှင့် ဝမ်တုန်းကျွမ်းတို့သည် အချင်းချင်း ဆက်ဆံရေး ပျက်ခဲ့ကြရသည်။

"ရှောင်ယွီ မင်းကော မလိုက်ချင်ဘူးလား။ "

လျိုကျိုချွမ်က ပြောလိုက်သည်။

"မင်းရဲ့ ပြောင်းချောသေနပ်ကို သွားယူ နေ့လည်ခင်းကျ ငါ့အိမ်ကို လာခဲ့။ ငါတို့တွေ ဘဲအိုင်ရဲ့ မြောက်ဖက်ကို သွားကြမယ်။ ငါတို့တွေ မြေခွေးကို မမိရင်တောင် ငါတို့တွေ အနည်းဆုံးတော့ ရစ်ငှက်နဲ့ ဘဲသားတော့ ရမှာပဲ။ ငါအခု ပြန်ပြီး ပြောင်းချောသေနပ်ကို သုတ်လိုက်ဦးမယ်။ နေ့လည်မရောက်ခင် လာခဲ့နော်။ "

လျိုကျိုချွမ်က လှည့်သွားပြီးနောက် ဖုန်းယွီက မကျေမချမ်းမှု တစ်စွန်းတစ်စကို မြင်လိုက်ရသည်။ သူ ချက်ချင်း သဘောပေါက်လိုက်သည်ကား ထိုအဖြစ်အပျက်က မတော်တဆ ဖြစ်ရပ်မဟုတ် ကြိုတင်ကြံစည်ထားတာ ဖြစ်သည်။

လျိုကျိုချွမ် ထွက်သွားပြီးနောက် ဝမ်တုန်းကျွမ်းက ဖုန်းယွီကို စိတ်အားထက်သန်စွာ ကြည့်လိုက်၏။

"ငါတို့ အတူတူ တောလိုက်ရအောင်လေ။ မင်း ပြောင်းချောသေနပ်ကို

အမြဲတမ်း ကိုင်ချင်ခဲ့တာမလား။ "

"တုန်းကျွမ်း။ မင်း ငါပြောတဲ့ စကားကို နားထောင်သင့်တယ်။ ငါတို့တွေ တောလိုက်မထွက်ဘဲ ပေါ်ကာပဲ သွားကစားရအောင်နော်။ နှစ်သစ်ကူးမှာ တောလိုက်ရင် ကံဆိုးတက်တယ်"

"အခုချိန်က လူနည်းနည်းပဲ တောလိုက်ထွက်ကြတာ။ နှစ်သစ်ကူး မတိုင်ခင်တုန်းက လူတွေအများကြီး တောလိုက်ထွက်ကြတော့ ငါတို့ တောလိုက်ဖို့ ဘာကောင်မှ မကျန်တော့ဘူး။ လာပါ။ ဒီတစ်ခေါက်တော့ သွားရအောင်။ ပျော်ဖို့ကောင်းမှာပါ။ "

ဝမ်တုန်းကျွမ်းသည် ယခုအချိန်တွင် တောလိုက်ရမှာ ရလာသည့် ဆုတံဆိတ်များကို သူ့အဖေအား ပြသည့် ပုံစံ ဖြစ်နေသည်။

"ငါ တကယ်လုံးဝ မသွားချင်ဘူး။ အဲ့ဒီတော့ မင်းလည်း မသွားတော့နဲ့။ အမြဲတမ်း မင်းက သူ့ရဲ့ ရောရောထွေးထွေး မနေချင်ဘူး။ ပြီးတော့ ငါတို့ သူနဲ့က သိပ်မရင်းနှီးဘူး။ "

"မင်းဘာတွေ ပြောနေတာလား။ ငါတို့က တစ်ရွာထဲမှာ နေကြတာ။ ငါတို့ မရင်းနှီးဘူးဆိုရင်တောင် ငါတို့က သူစိမ်းတွေမှ မဟုတ်တာ။ ထပ်ပြောရရင် င့ါရဲ့အဖေက ရွာရဲ့ခေါင်းဆောင်လေ ပြီးတော့ သူ့ရဲ့ မိသားစုက မြေရိုင်းကို ချဲ့ထွင်ဖို့အတွက် ရွာက ထွန်စက်ကြီးကိုငှားရမ်းဖို့ င့ါအဖေရဲ့ ခွင့်ပြုချက်လိုသေးတယ်။ "

ယခုအချိန်တွင် ဖုန်းယွီက လျိုကျီချွမ် ဘာကြောင့် တုန်းကျွမ်းအပေါ် မကျေမချမ်း ဖြစ်သည်ကို နားလည်သွားတော့သည်။ တုန်းကျွမ်း၏ အဖေကြောင့် ဖြစ်သည့် ရွာခေါင်းဆောင် ဝမ်သဲကွမ်းသည် ရွာ၏ ထွန်စက်ကို လျိုကျီချွမ်တို့ မိသားစုကို ငှားရန် သဘောမတူသည့် အတွက် ဖြစ်သည်။

"တုန်းကျွမ်း အခုပေါ်ကာ မကစားတော့ဘူး။ ငါရေဆာနေပြီ။ အခုမင်း အိမ်ပြန်ပြီးတော့ မင်းအဖေရဲ့ အရသာ ရှိတဲ့ လက်ဖက်ရည်သောက်ရအောင်"

"ကိစ္စမရှိပါဘူး။ ငါ့ရဲ့ အိမ်မှာ နေ့လည်စာစားလည်းရတယ်။ ငါ့အဖေရဲ့ ပြောင်းချော သေနပ်ကိုလည်း မင်းကို ပြဦးမယ်"

ဝမ်တုန်းကျွမ်းအိမ်ကို သွားသည့် လမ်းတစ်လျှောက်တွင် ဝမ်တုန်းကျွမ်းက စကား အဆက်မပြတ် ပြောနေသော်လည်း ဖုန်းယွီက လုံးဝ စိတ်ဝင်စားမှု မပြပေ။ ဖုန်းယွီအတွေးထဲတွင် သူက ဝမ်တုန်းကျွမ်း အဖေကို မည်သို့ပြောရမည်ကို စဉ်းစားနေ၏။

ဝမ်တုန်းကျွမ်းက အိမ်တံခါးကို ဖွင့်လိုက်ပြီးနောက် နွေးထွေးသည့် လေညှင်းက သူ့ကို ကြိုဆိုတော့သည်။ သူတို့သည် သူတို့၏ ခွေးမွေးဦးထုပ်နှင့် ယုန်မွေး လက်အိတ်တို့ကို စားပွဲပေါ်တွင် တင်လိုက်သည်။

ဝမ်တုန်းကျွမ်းက သူ့အဖေ၏ လက်ဖက်များကို ရှာရန် ပြေးထွက်သွားတော့သည်။

"ရှောင်ယွီ မုန့်အချိုစားဦး။ နာနက်မြေပဲနဲ့ ကွာစေ့လည်း ရှိတယ်။ "

တုန်းကျွမ်းအမေ ထန့်ကျင့်က အိမ်တွင် ရှိနေသည်။ ဖုန်းယွီရောက်လာလည်သည်က တွေ့သည့်အခါ သူမက ပျော်ရွှင်စွာဖြင့် နှစ်သစ်ကူး အချိုမုန့်များကို သူ့ကို ကျွေးတော့သည်။

"ပျော်ရွှင်စရာ နှစ်သစ်ကူးပါ ဒေါ်လေး။ ဦးလေးဝမ်ကော ဘယ်မှာလဲ"

"အ.. သူက အတွင်းရေးမှူး ကျောက်ဆီ သွားတယ်။ ခဏနေရင် သူ ပြန်လာမှာပါ။ "

ဖုန်းယွီက ကုလားထိုင်ပေါ်တွင် ထိုင်ရင်း ပေါ့ပေါ့ပါးပါး မေးလိုက်သည်။

"အန်တီ။ ကျွန်တော်တို့ ခုနတုန်းက လျိုကျိချွမ်နဲ့တောင် တွေ့ခဲ့သေးတယ်။ သူတို့ မိသားစုက ရွာပိုင် ထွန်စက်ကို တာတမံရဲ့ အပြင်ဘက်မှာ ရှိတဲ မြေရိုင်းတွေကို ချဲ့ထွင်ဖို့အတွက် ငှားချင်တဲ့ ပုံပဲ။ ဦးလေးဝမ် ငှားဖို့ သဘောတူလား"

ထန်ကျင့်က ပြုံးကာ သူမခေါင်းကို ယမ်းလိုက်သည်။

"သေချာပေါက် ခွင့်မပြုဘူးပေါ့။ တစ်ကိုယ်တည်း ချမ်းသာဖို့ကို လုပ်ဆောင်ဖို့အတွက် ရွာက စည်းမျည်းတွေ မချိုးဖောက်ဘူး။ ရွာပိုင် ထွန်စက်က တစ်ကိုယ်တည်း သုံးဖို့အတွက်မှ မဟုတ်တာ။ ဒီကနေ့ မနက်ပဲ အကြီးအကဲလျိုက မင်းရဲ့ ဦးလေးနဲ့ ဒီကိစ္စအတွက် ငြင်းခုန်သွားသေးတယ်။
"

ဖုန်းယွီ၏ နှလုံးသားများက နားလည်သဘောပေါက်သွားသည်။ ထိုကိစ္စကြောင့် လျိုကျိချွမ်က ရည်ရွယ်ချက်ရှိရှိဖြင့် တုန်းကျွမ်းကို တောလိုက်ရန် ခေါ်တာ ဖြစ်သည်။ ထို့နောက် သူသည် တုန်းကျွမ်းကို ဝက်ဝံထောက်ချောက်မိအောင် လုပ်ပြီး တုန်းကျွမ်းကို မသန်မစွမ်း ဖြစ်သွားစေသည်။ အခြားသူများအတွက် ထိုအရာက မတော်တဆဟု ထင်ဖွယ်သာရှိသည်။ ဝမ်တုန့်ကျွမ်းကိုယ်တိုင်တောင် မတော်တဆတစ်ခုအဖြစ် မှတ်ယူနိုင်သည်။

'အဲ့မတော်တဆမှုက တကယ်ပဲ မတော်တဆမှု သက်သက်ပဲလား။ '

"လာ ဒီလက်ဖက်ရည်ကို သောက်ကြည့်လိုက်။ ကြည့်လိုက် လက်ဖက်ရည် အနီရောင်လေးက လှပနေတာ။ "

ဝမ်တုန်းကျွမ်းက ဖုန်းယွီ၏ လက်ဖက်ရည်ခွက်ထဲကို စေတနာ ရှိရှိဖြင့် ထည့်ပေးလိုက်သည်။ ထန်ကျင့်က ပြုံးသာပြုံးပြီး ဘာမှ မပြောပေ။

"အမေ။ အမေအန်တီဝမ့် ဆီသွားပြီး စကားစမြည်သွားပြောဦးမယ်ဆို။

အိမ်ကို စိတ်ချလက်ချ ထားခဲ့ပါ။ တစ်ယောက်ယောက်က ဒီကိုလာပြီး ပေါ်ကာ ကစားဦးမှာ"

ဝမ်တုန်းကျွမ်းက ဂုဏ်ယူစွာဖြင့် ပြောလိုက်၏။

"ကောင်းပြီ။ အဲ့တာဆို အမေ အန်တီဝမ့်တို့ဆီ သွားလိုက်ဦးမယ်။ အိုးထဲမှာ ဖက်ထုပ်တွေ ရှိတယ်။ သားတို့ဘာသာ ခပ်စားလိုက်ကြတော့နော်"

သူ့အမေအပြင်ကို ထွက်သွားပြီးနောက် ဝမ်တုန်းကျွမ်းက အိပ်ရာအောက်မှ သစ်သားသေတ္တာကို လျင်မြန်စွာ ဆွဲယူလိုက်သည်။ ပြောင်းချောသေနပ်တစ်လက်နှင့် ကျည်ဒါဇင်များစွာ ရှိသည်။

"တုန်းကျွမ်း။ မသွားပါနဲ့။ အန်တီ ခုနက ပြောတာကို မကြားဘူးလား။ လျို့ကျီချွမ် အဖေနဲ့ ဦးလေးဝမ်နဲ့က ငြင်းခုန်စရာ ကိစ္စဖြစ်ခဲ့တယ်။ ကျီချွမ်မင်းအပေါ် မကောင်းမှာ ငါစိုးရိမ်တယ်။ "

ဖုန်းယွီက သူ့ကို တားရန်အတွက် ဝမ်တုန်းကျွမ်းလက်ကို ဖမ်းဆုပ်လိုက်သည်။ သူသည် အတိတ်က အဖြစ်ဆိုးကို ထပ်မံဖြစ်ပွားရန် မလိုလားပေ။

"လူများစွာက ငါ့အဖေနဲ့ အငြင်းအခုံ ဖြစ်ခဲ့ဖူးတယ်။ နောက်ဆုံးအကြိမ်က မျိုးစေ့ကိစ္စနဲ့ ပြဿနာ ဖြစ်လို့ အဖိုးလီး သူ့ရဲ့ တုတ်ကောက်နဲ့ ငါ့အဖေကို ရိုက်လိုက်သေးတယ်။ အဲ့နောက်ပိုင်း ဘာဖြစ်သွားလည်း ဆိုတော့။ ရိတ်သိမ်းတဲ့ အချိန်မှာ ငါ့အဖေက အဖိုးလီးရဲ့ ကောက်နှံတွေကို ရိတ်သိမ်းပေးခဲ့ပြီးတော့ သူ့ရဲ့ ဒေါသကို လျှော့ခဲ့တယ်။ "

ဝမ်တုန်းကျွမ်းက အေးဆေးတည်ငြိမ်စွာဖြင့် ပြန်ပြောပြီး ဖုန်းယွီ၏ လက်ကိုဖယ်ရှားလိုက်သည်။ ထို့နောက် သူသည် ပြောင်းချောသေနပ်ကို ယူလိုက်ပြီး ကျည်ခြောက်တောင့်ကို သူ့အိပ်ကပ်ထဲ ထည့်လိုက်သည်။

"တုန်းကျွမ်း ငါ့စကားနားထောင် မသွားနဲ့။ လျို့ကျီချွမ်က ငါတို့ တော

လိုက်ထွက်ရင် ငါတို့ကို တိုက်ခိုက်လိမ့်မယ်။ ဒီအချိန်မှာ သူက မင်းအပေါ်မှာ မကောင်းတဲ့ ရည်ရွယ်ချက်တွေရှိမှာကို ငါစိုးရိမ်တယ်။ "

"ငါသူ့ကို မကြောက်ပါဘူး။ ငါ့လက်ထဲမှာ ဘာလဲ ကြည့်လိုက်။ တကယ်လို့ သူငါ့ကို လှည့်ဖျားမယ်ဆိုရင် ငါ့သေနပ်က အလှပြဖို့ သပ်သပ် မဟုတ်ဘူး။ "

ဖုန်းယွီက ရှုံးသွားသည်။ တုန်းကျွမ်း သွားချင်စိတ် ရှိနေဆဲ ဖြစ်သည်။ သူက လျိုကျီချွမ်ကို မကြောက်ပေ အကြောင်းမှာ ထိုအချိန်က ယောကျ်ား လေးချင်း မကြာခဏ တိုက်ခိုက်နေပြီး လက်နက် ပစ္စည်းမသုံးပေ။ အကယ်၍ သူက ထိုးလျှင် တုန်းကျွမ်းက ကြောက်မှာ မဟုတ်ပေ။

နံရံရှိ နာရီကိုကြည့်လိုက်ပြီး ဝမ်တုန်းကျွမ်းက မတ်တပ်ထရပ်ကာ

"အိုကေ အချိန်ကျပြီ။ မင်းအရင် အိမ်ကိုသွား။ ငါ လျိုကျီချွမ်ဆီ သွားလိုက်ဦးမယ်"

ဖုန်းယွီက သူ့ရဲ့အရင်ဘဝက အဖြစ်အပျက်ကို သတိရသွားသည်။ လျိုကျီချွမ်သည် စစ်သားဖြစ်ပြီး ရွာမှ မထွက်ခွာခင်အထိ သေနပ် အသုံးမပြုခဲ့ပေ။ အကယ်၍ ဖုန်းယွီက သူတို့နောက်လိုက်လျှင် သူသည် တုန်းကျွမ်းကို ဝက်ဝံထောင်ခြောက်မှ လွတ်မြောက်အောင် ကူညီနိုင်မှာ ဖြစ်သည်။

"ခဏစောင့် တုန်းကျွမ်း ငါမင်းနဲ့ အတူလိုက်ခဲ့မယ်"

"တကယ်လား။ မင်းသွားချင်နေတယ်ဆိုတာ ငါသိပါတယ်။ မြန်မြန်သွားပြီး မင်းအိမ်က ပြောင်းချောသေနပ်ကို ခိုးခဲ့။ အိတ်ကို ခြုံဖို့ မမေ့နဲ့နော် ပြီးတော့ မင်းအမေကို ရစ်ငှက်ပစ်သွားဖို့ လို့ ပြောခဲ့နော်။ "

ဝမ်တုန်းကျွမ်းက ဖုန်းယွီကိုကြည့်ကာ အားတက်သရော ပြောလိုက်သည်။

"ငါသိပါတယ် မင်းသွားချင်နေတယ်ဆိုတာ"

ဖုန်းယွီက သက်ပြင်းချပြီး အိမ်ကို အမြန်ပြေးသွားတော့သည်။

မတော်တဆမှု တစ်ခုလို့ပဲ မျှော်လင့်တယ်။ ဒီတစ်ခေါက်တော့ ဘယ်မတော်တဆမှုကိုမှ အဖြစ်ခံမှာ မဟုတ်ဘူး။

***